# ၁၉၅၄ ခုနှစ်၊ ဒိုင်ယာမီကင် (မြန်မာနိုင်ငံ) လီမိတက်၏ မြစ်ရည်နှင့်အရက်ချက်လုပ်ငန်းကို ပြည်သူပိုင်ပြုလုပ်ခြင်း အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၀။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ဒိုင်ယာမီကင် (မြန်မာနိုင်ငံ) လီမိတက်၏ မြစ်ရည်နှင့် အရက်ချက် လုပ်ငန်းကို ပြည်သူပိုင်ပြုလုပ်ခြင်း အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည် နိုင်ငံတော် သမတက အမိန့်ကြော်ငြာစာ ဖြင့်သတ်မှတ်သည့်နေ့တွင် စတင်အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင် "ကုမ္ပဏီ" ဆိုသည်မှာ ဒိုင်ယာမီကင် (မြန်မာနိုင်ငံ) လီမိတက်ကို ဆိုလိုသည်။

၃။ ။နိုင်ငံတော်သမတမှာ၊အမိန့်ကြော်ငြာစာဖြင့် မိမိသတ်မှတ်သည့်နေ့ရက်တွင် ကုမ္ပဏီဆောင်ရွက်နေသည့် မန္တလေးမြို့ရှိ၊ မြစ်ရည်နှင့် အရက်ချက်လုပ်ငန်းများကို ကုမ္ပဏီထံမှ နိုင်ငံပိုင်အဖြစ်ဖြင့်လွှဲယူရန်အာဏာရှိရမည်။ယင်းသို့လွှဲယူသည့်အခါအဆိုပါ နေ့မှစ၍ ကုမ္ပဏီပိုင်လုပ်ငန်းအရပ်ရပ်နှင့် ကုမ္ပဏီ၏ လက်ရှိပစ္စည်း အရပ်ရပ်သည်၎င်း၊ ကုမ္ပဏီ၏ ရာထမ်းမှုထမ်း အားလုံးသည်၎င်း၊ နိုင်ငံတော်သမတ၏ ကြီးကြပ်အုပ်ချုပ်မှု အောက်သို့ရောက်လာရမည်။

၄။ ။ပုဒ်မ ၃ တွင် ရည်ညွှန်းထားသည့်ရာထမ်းမှုထမ်းများအား ကုမ္ပဏီက ပေးသည့်နှုန်းများအတိုင်း လစာနှင့်စရိတ်များပေးလျက်၊ နိုင်ငံတော်သမတ၏ ကြီးကြပ်အုပ်ချုပ်မှုအောက်သို့ရောက်သည့်နေ့မှစ၍ သုံးလအောက်မနည်းသည့် အချိန်ကာလမျှ နိုင်ငံတော်သမတက မိမိ၏လက်အောက်တွင်ဆက်လက်အမှုထမ်းစေရမည်။

၅။ ။(၁) နိုင်ငံတော်သမတသည် ပုဒ်မ ၃ အရ၊ အမိန့် ကြော်ငြာစာဖြင့် မိမိသတ်မှတ်သည့်နေ့နောက်တလအတွင်းဥက္ကဋ္ဌတဦးနှင့်အခြားအဖွဲ့ဝင်နှစ်ဦးပါဝင်သည့် ကော်မရှင်အဖွဲ့တခုကို ခန့်ရမည်။ ထိုကော်မရှင်အဖွဲ့သည် အောက်ပါကိစ္စများကို သတ်မှတ်ဆုံးဖြတ်ရမည်—

(က) ဤအက်ဥပဒေအရ၊ ကုမ္ပဏီထံမှလွှဲယူသည့်ပစ္စည်းများ၏ အကြောင်းအရာများ။

(ခ) ထိုပစ္စည်းများအတွက် ကုမ္ပဏီကို ပေးသင့်သည့်တရားမျှတသော လျော်ကြေးငွေနှင့်

(ဂ) လျော်ကြေးပေးမည့်နည်းလမ်းများ။

အဘိုး—၁၀ ပြား]

(၂) ပုဒ်မခွဲ (၁) အရ၊ လျော်ကြေးကို သတ်မှတ်ဆုံးဖြတ်ရာတွင် ဤအက်ဥပဒေအရ၊ ကုမ္ပဏီထံမှ လွှဲယူသည့်ပစ္စည်းများ၏မူလတန်ဘိုး၊ ယင်းသို့လွှဲယူသည့်နေ့အထိ၊ ထိုပစ္စည်းများဟောင်းနွမ်း၍သို့မဟုတ် ပျက်စီးသည့်အတွက် လျှော့သင့်သောကြေးငွေနှင့် ထိုပစ္စည်းများကို ပြုပြင်သည့်အတွက် ကုန်ကျသည့်စရိတ်၊ သို့တည်းမဟုတ် ပြန်လည်ထူထောင်သည့်အတွက် ကုန်ကျသည့်ကြေးငွေတို့ကို ကော်မရှင်အဖွဲ့က တရားမျှတသည်ထင်မြင်သည့်အတိုင်း ထည့်သွင်းစဉ်းစားရမည်။

၆။ ။ပုဒ်မ ၅ အရ လျော်ကြေးငွေကိုသတ်မှတ်ဆုံးဖြတ်ရာတွင်၊ ကော်မရှင်အဖွဲ့သည် တရားမကျင့်ထုံး ဥပဒေကို၊ သို့တည်းမဟုတ် အခြားတည်ဆဲဥပဒေ တခုခုကို လိုက်နာရန် မလိုအပ်စေရ။ သို့သော်လည်း ထိုကော်မရှင်အဖွဲ့သည်၊ တရားမျှတစွာ ဆောင်ရွက်ရမည်။

၇။ ။(၁) ကော်မရှင် အဖွဲ့သည် အောက်ပါ ကိစ္စများနှင့် စပ်လျဉ်း၍၊ တရားမကျင့်ထုံးဥပဒေအရ၊ တရားရုံးအားအပ်နှင်းထားသောအာဏာများရှိရမည်—

(က) အကြောင်းအရာများကို ဖွင့်လှစ်ထုတ်ဖေါ်စေခြင်းနှင့် ကြည့်ရှုစစ်ဆေးခြင်း။

(ခ) သက်သေများကို လာရောက်စေရန် အတင်းအကြပ်ဆင့်ခေါ်ယူခြင်း၊ သက်သေစရိတ်တင်သွင်းစေရန်ဆင့်ဆိုခြင်း။

(ဂ) စာချုပ်စာတမ်းများကို တင်ပြစေရန်အတင်းအကြပ်ဆင့်ဆိုခြင်း။

(ဃ) သက်သေများကိုကျမ်းသစ္စာဖြင့်စစ်ဆေးခြင်း။

(င) ရွှေ့ဆိုင်းခွင့်ပေးခြင်း။

(စ) ကျမ်းကျိန်လွှာဖြင့်ထွက်ဆိုသော သက်သေထွက်ချက်ကို လက်ခံခြင်း။

(ဆ) သက်သေများကို စစ်ဆေးရန်အာဏာလွှဲအမိန့်များထုတ်ခြင်း။

ထိုမှတပါး ကော်မရှင်အဖွဲ့သည်၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၈၀ နှင့် ၄၈၂ တို့၏အဓိပ္ပါယ်အရ တရားမရုံးဖြစ်သည်ဟု မှတ်ယူရမည်။

(၂) ကော်မရှင်အဖွဲ့ဝင်များ ထင်မြင်ယူဆချက် ကွဲလွဲသည့်အခါ၊ ထိုကော်မရှင်အဖွဲ့ဝင် များရာ၏ထင်မြင်ချက်သည် အတည်ဖြစ်ရမည်။

(၃) ကော်မရှင်အဖွဲ့ဝင်တယောက်သည် ကော်မရှင်အဖွဲ့ဝင်အဖြစ်ဖြင့်ဆက်လက်မဆောင်ရွက်နိုင်လျှင်၊ နိုင်ငံတော်သမ္မတသည်၊ ထိုအဖွဲ့ဝင်အစား အခြားသူတယောက်ကိုခန့်ထားရမည်။ ထိုသူကိုကော်မရှင်အဖွဲ့စတင်ဖွဲ့စည်းစဉ်ကပင် အဖွဲ့ဝင်အဖြစ်ခန့်ထားဘိသကဲ့သို့ ကော်မရှင်အဖွဲ့သည်၊ မိမိ၏မှုခင်းကိစ္စများကို ဆက်လက်ဆောင်ရွက်ရမည်။

၈။ ။ကုမ္ပဏီကသော်၎င်း၊ အစိုးရကသော်၎င်း လျော်ကြေးနှင့် စပ်လျဉ်းသည့် ကော်မရှင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို ဥပဒေကြောင်းနှင့်ဖြစ်စေ၊ အမှုချင်းရာနှင့်ဖြစ်စေ တရားလွှတ်တော်ချုပ်သို့ အယူခံဝင်နိုင်သည်။

၉။ ။ဤအက်ဉပဒေအရ၊ နိုင်ငံပိုင်ပြုလုပ်သည့်လုပ်ငန်းများကို ဆောင်ရွက်ရန်အလို့ငှါ၊ နိုင်ငံတော်သမတသည် မိမိသင့်လျော်သည်ထင်မြင်လျှင်၊ အမိန့်တရပ်ဖြင့် စည်းမျဉ်းသတ်မှက်လျက် အဖွဲ့တခု ဖွဲ့စည်းနိုင်သည်၊ သို့တည်းမဟုတ် အခြား စီစဉ်မှု ပြုလုပ်နိုင်သည်။

၁၀။ ။(၁) ဤအက်ဉပဒေနှင့်အညီသဘောရိုးဖြင့်ပြုလုပ်သည့်၊ သို့တည်းမဟုတ် ကြံရွယ်သည့်အပြုအမူ တခုခုအတွက် မည်သူ့ကိုမျှ တရားမမှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြားမှုခင်းစွဲဆိုခြင်းမပြုရ။

(၂) ဤ အက်ဉပဒေတွင် အတိအလင်း ပြဌာန်း ထားသည်မှတပါး၊ ဤအက်ဉပဒေအရ ပြုလုပ်သည့်အပြုအမူအတွက်အစိုးရအားမည်သည့်တရားမမှု သို့တည်းမဟုတ် အခြားမှုခင်းမျှစွဲဆိုခြင်းမပြုရ။

ပ၊မ၊ဗ စ၊—အမှတ် ၁၄၀၊ တရားရေးဝန်ကြီးဌာန၊ ၂၁-၅-၅၄—၂,၀၀၀—၂။